ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ၂၀၁၂ ခုနှစ်၊ ရှမ်းပြည်နယ်၏
# ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေ

## ၂၀၁၂ ခုနှစ်၊ ရှမ်းပြည်နယ်၏
## ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေ
## (၂၀၁၂ ခုနှစ်၊ ရှမ်းပြည်နယ်လွှတ်တော် ဥပဒေအမှတ် ၄ ။)

၁၃၇၄ ခုနှစ်၊ ကဆုန်လဆန်း ၅ ရက်

( ၂၀၁၂ ခုနှစ်၊ ဧပြီလ ၂၅ ရက် )

ရှမ်းပြည်နယ်လွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

### အပိုင်း ၁
### အမည်နှင့် စတင်အကျိုးသက်ရောက်သည့်နေ့ရက်

၁။ (က) ဤဥပဒေကို ၂၀၁၂ ခုနှစ်၊ ရှမ်းပြည်နယ်၏ ဘဏ္ဍာငွေအရအသုံး ဆိုင်ရာ ဥပဒေဟု ခေါ်တွင်စေရမည်။

(ခ) ဤဥပဒေပါ ပြဋ္ဌာန်းချက်များသည် ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်အတွက် ၂၀၁၂ ခုနှစ်၊ ဧပြီ ၁ ရက်နေ့မှ စတင် အကျိုးသက်ရောက်စေရမည်။

### အပိုင်း ၂
### ပြည်နယ်အစိုးရအဖွဲ့
### ပြည်နယ်လွှတ်တော်
### ပြည်နယ်တရားလွှတ်တော်၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်စာရင်းစစ်ချုပ်
### ပြည်နယ်ဝန်ကြီးဌာနများ
### ပြည်နယ်အဆင့်ဦးစီးဌာနများ၊ စည်ပင်သာယာရေးအဖွဲ့များ

၂။ ပြည်နယ်အစိုးရအဖွဲ့၊ ပြည်နယ်လွှတ်တော်၊ ပြည်နယ်တရားလွှတ်တော်၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်စာရင်းစစ်ချုပ်၊ ပြည်နယ်ဝန်ကြီးဌာနများ၊ ပြည်နယ်အဆင့်ဦးစီးဌာနများ၊ စည်ပင်သာယာရေးအဖွဲ့များသည် ပြည်နယ်၏ ဘဏ္ဍာရန်ပုံငွေအစီအစဉ်ဖြင့် လုပ်ငန်းများကို ဆောင်ရွက်ကြရမည်။ ထိုသို့ ဆောင်ရွက်၍ရသော ရငွေများကို ပြည်နယ်ဘဏ္ဍာရန်ပုံငွေသို့ ပေးသွင်း၍ ထုတ်ပေးရန်ရှိသော သုံးငွေများကို ပြည်နယ်ဘဏ္ဍာရန်ပုံငွေမှ ထုတ်ယူသုံးစွဲရမည်။

၃။ (က) ပြည်နယ်အစိုးရအဖွဲ့၊ ပြည်နယ်လွှတ်တော်၊ ပြည်နယ်တရားလွှတ်တော်၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်စာရင်းစစ်ချုပ်၊ ပြည်နယ်ဝန်ကြီးဌာနများ၊ ပြည်နယ်အဆင့်ဦးစီးဌာနများ၊ စည်ပင်သာယာရေးအဖွဲ့များ၏ ရငွေနှင့် သုံးငွေအတွက် တာဝန်ပေးအပ်ခြင်းခံရသည့် ပုဂ္ဂိုလ်အသီးသီးသည် ဇယား(၁)၊ (၂)၊ (၃) နှင့် (၄)တို့တွင် မိမိနှင့် ယှဉ်တွဲဖော်ပြထားသည့် ရငွေတို့ကို စီမံကြီးကြပ်ကောက်ခံခြင်းနှင့် သုံးငွေတို့ကို စီမံခန့်ခွဲခြင်းပြုရမည်။

(ခ) ပုဒ်မခွဲ (က) ပါ တာဝန်ခံရသည့် ပုဂ္ဂိုလ်အသီးသီးသည် မိမိအား အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကို မိမိလက်အောက်ရှိ လုပ်ငန်းဆိုင်ရာ ပုဂ္ဂိုလ်အသီးသီးအား လွှဲအပ်ဆောင်ရွက်စေနိုင်သည်။

(ဂ) ရငွေများကို စီမံကြီးကြပ်ကောက်ခံရာတွင်လည်းကောင်း၊ သုံးငွေများကို စီမံခန့်ခွဲရာတွင်လည်းကောင်း ဤဥပဒေပါ ပြဋ္ဌာန်းချက်များ၊ သက်ဆိုင်ရာ ဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းများ၊ စည်းကမ်းများ၊ အမိန့်များ၊ ညွှန်ကြားချက်များ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ရမည်။

၄။ (က) ပြည်နယ်အစိုးရအဖွဲ့သည် ပြည်နယ်အဆင့်ဌာနအဖွဲ့အစည်းများနှင့် စည်ပင်သာယာရေးအဖွဲ့များ၏ လုပ်ငန်းအရ လိုအပ်လျှင် ဇယား(၁)၊ (၂)၊ (၃) နှင့် (၄) တို့တွင်ဖော်ပြထားသော ငွေများကို ပြောင်းလဲပေးနိုင်သည်။ ထိုသို့ငွေများ ပြောင်းလဲခြင်းနှင့်စပ်လျဉ်း၍ ပြည်နယ်လွှတ်တော်သို့ တင်ပြသော ၂၀၁၂ – ၂၀၁၃ ခုနှစ်အတွက် ပြုပြင်ပြီးခန့်မှန်းခြေငွေစာရင်းများတွင် အကျိုးအကြောင်း ဖော်ပြချက်များနှင့် အတူ ထည့်သွင်း ဖော်ပြရမည်။

(ခ) ပြည်နယ်အစိုးရအဖွဲ့သည် လုပ်ငန်းလုပ်ကိုင်ရန်သော်လည်းကောင်း၊ ရင်းနှီးမြှုပ်နှံရန်သော်လည်းကောင်း လိုအပ်သည့်ငွေကို ထောက်ပံ့ငွေဖြင့်ဖြစ်စေ၊ ချေးငွေဖြင့်ဖြစ်စေ ပြည်ထောင်စုအစိုးရထံမှ ရယူ ဆောင်ရွက်နိုင်သည်။

၅။ ပြည်နယ်အဆင့်ဌာနအဖွဲ့အစည်းများနှင့် စည်ပင်သာယာရေးအဖွဲ့များသည် မိမိတို့နှင့်သက်ဆိုင်သော တည်ဆဲဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းများ၊ စည်းကမ်းများ၊ အမိန့်များ၊ ညွှန်ကြားချက်များအရ ခွင့်ပြုထားသော အခွန်အကောက် အမျိုးအစားများကိုသာ ကောက်ခံနိုင်သည်။

## အပိုင်း ၃

## ပြည်နယ်အဆင့်နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ

၆။ ပြည်နယ်အဆင့် နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများသည် စီမံကိန်း ရည်မှန်းချက်များအရ မိမိတို့၏ ဘဏ္ဍာငွေအပေါ် ရပ်တည်၍ လုပ်ငန်းများကို စီးပွားရေးဆန်ဆန် မိမိတို့၏ ဘဏ္ဍာငွေအစီအစဉ်ဖြင့် ဆောင်ရွက်ကြရမည်။

၇။ (က) ဇယား (၅) နှင့် (၆) တို့တွင် ဖော်ပြထားသည့် ငွေများသည် ပြည်နယ် အဆင့် နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများက စီမံကိန်း ရည်မှန်းချက်များအရ ထမြောက်အောင်မြင်စွာ အကောင်အထည်ဖော် နိုင်ရန် ရည်မှန်းထားသောငွေများ ဖြစ်သည်။

(ခ) ပြည်နယ်အဆင့်နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများ၏ ရငွေနှင့် သုံးငွေအတွက် တာဝန်ပေးအပ်ခြင်းခံရသည့် ပုဂ္ဂိုလ်အသီးသီးသည် ဇယား (၅) နှင့် (၆) တို့တွင် မိမိနှင့် ယှဉ်တွဲဖော်ပြထားသည့် ရငွေတို့ကို စီမံကြီးကြပ်ကောက်ခံခြင်းနှင့် သုံးငွေတို့ကို စီမံခန့်ခွဲခြင်းပြုရမည်။

(ဂ) ရငွေများကို စီမံကြီးကြပ်ကောက်ခံရာတွင်လည်းကောင်း၊ သုံးငွေများကို စီမံခန့်ခွဲရာတွင်လည်းကောင်း၊ ဤဥပဒေပါ ပြဋ္ဌာန်းချက်များ၊ သက်ဆိုင်ရာ ဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းများ၊ စည်းကမ်းများ၊ အမိန့်များ၊ ညွှန်ကြားချက်များ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ရမည်။

(ဃ) ပြည်နယ်အစိုးရအဖွဲ့သည် ပြည်နယ်အဆင့် နိုင်ငံတော်ပိုင် စီးပွားရေး အဖွဲ့အစည်းများ၏ လုပ်ငန်းအရ လိုအပ်လျှင် ဇယား (၅) နှင့် (၆) တို့တွင် ဖော်ပြထားသောငွေများကို ပြောင်းလဲပေးနိုင်သည်။ ထိုသို့ ငွေများ ပြောင်းလဲခြင်းနှင့်စပ်လျဉ်း၍ ပြည်နယ်လွှတ်တော်သို့ တင်ပြသော ၂၀၁၂ – ၂၀၁၃ ခုနှစ်အတွက် ပြုပြင်ပြီး ခန့်မှန်းခြေ ငွေစာရင်းများတွင် အကျိုးအကြောင်း ဖော်ပြချက်များနှင့်အတူ ထည့်သွင်းဖော်ပြရမည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ် လက်မှတ် ရေးထိုးသည်။

(ပုံ) စဝ်အောင်မြတ်
ဝန်ကြီးချုပ်
ရှမ်းပြည်နယ်အစိုးရအဖွဲ့

## ပြည်နယ်တရားလွှတ်တော်၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်စာရင်းစစ်ချုပ်

ဇယား(၁)
(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | အကြောင်းအရာ | တာဝန်ခံသူ | ရငွေများ | | | | | | ကြွေးမြီ | | |
|---|---|---|---|---|---|---|---|---|---|---|---|
| | | | အခွန်အကောက် | ပြည်နယ်အဆင့် နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများမှ ရငွေ | အခြားသာမန်ရငွေ | အတိုးရငွေ | ငွေလုံးငွေရင်းရငွေ | ပြည်ထောင်စု ထောက်ပံ့ငွေမှ ရငွေ | ထုတ်ချေးငွေ အတွက်ပြန်ရငွေ | ချေးယူရငွေ | အဖွဲ့အစည်းများတွင် ရင်းနှီးငွေမှ ရငွေ |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ |
| ၁ | တရားရုံးများ | ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ် သို့မဟုတ် ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်က တာဝန်ပေးသူ | | | ၁၅.၁၉၂ | | | | | | |
| ၂ | ဥပဒေရုံးများ | ပြည်နယ်ဥပဒေချုပ် သို့မဟုတ် ပြည်နယ်ဥပဒေချုပ်က တာဝန်ပေးသူ | | | ၀.၆၆၀ | | | | | | |
| ၃ | စာရင်းရုံးများ | ပြည်နယ်စာရင်းစစ်ချုပ် သို့မဟုတ် ပြည်နယ်စာရင်းစစ်ချုပ်က တာဝန်ပေးသူ | | | ၀.၉၄၅ | | | | | | |
| | ပေါင်း | | | | ၁၆.၇၉၇ | | | | | | |

## ပြည်နယ်တရားလွှတ်တော်၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်စာရင်းစစ်ချုပ်

ဇယား(၂)

(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | အကြောင်းအရာ | တာဝန်ခံသူ | သုံးငွေများ | | | | | | |
|---|---|---|---|---|---|---|---|---|---|
| | | | သာမန်သုံးငွေ | အတိုးပေးငွေ | ထောက်ပံ့ငွေ | ငွေလုံးငွေရင်းသုံးငွေ | ကြွေးမြီ | | အဖွဲ့အစည်းများတွင်ရင်းနှီးငွေ |
| | | | | | | | ထုတ်ချေးငွေ | ချေးယူရငွေအတွက်ပေးဆပ်ငွေ | |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ |
| ၁ | တရားရုံးများ | ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ် သို့မဟုတ် ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်က တာဝန်ပေးသူ | ၆၇၇ . ၉၂၂ | | | ၄၁.၆၃၀ | | | |
| ၂ | ဥပဒေရုံးများ | ပြည်နယ်ဥပဒေချုပ် သို့မဟုတ် ပြည်နယ်ဥပဒေချုပ်က တာဝန်ပေးသူ | ၃၀၄ . ၀၁၄ | | | | | | |
| ၃ | စာရင်းရုံးများ | ပြည်နယ်စာရင်းစစ်ချုပ် သို့မဟုတ် ပြည်နယ်စာရင်းစစ်ချုပ်က တာဝန်ပေးသူ | ၉၁၉ . ၇၃၀ | | | | | | |
| | ပေါင်း | | ၁၉၀၂ . ၆၇၆ | | | ၄၁.၆၃၀ | | | |

ပြည်နယ်ဝန်ကြီးဌာနများ၊ ပြည်နယ်အဆင့်ဦးစီးဌာနများ၊ စည်ပင်သာယာရေးအဖွဲ့များ

ဇယား(၃)

(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | | အကြောင်းအရာ | တာဝန်ခံသူ | ရငွေများ: အခွန်အကောက် | ပြည်နယ်အဆင့်နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများမှရငွေ | အခြားသာမန်ရငွေ | အတိုးရငွေ | ငွေလုံးငွေရင်းရငွေ | ပြည်ထောင်စုထောက်ပံ့ငွေမှ ရငွေ | ကြေးမြီ: ထုတ်ချေးငွေအတွက်ပြန်ရငွေ | ကြေးမြီ: ချေးယူရငွေ | အဖွဲ့အစည်းများတွင်ရင်းနှီးငွေမှ ရငွေ |
|---|---|---|---|---|---|---|---|---|---|---|---|---|
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ |
| ၁ | | ပြည်တွင်းထွက်ကုန်နှင့် ပြည်သူပြည်သားများ သုံးစွဲမှုအပေါ် တွင် ကောက်ခံသည့် အခွန်အကောက် | ပြည်နယ်ဝန်ကြီးချုပ် သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်က တာဝန်ပေးသူ | | | | | | | | | |
| | ၁ | ယစ်မျိုးခွန် | | ၃၉၁.၂၇၅ | | | | | | | | |
| ၂ | | နိုင်ငံပိုင်ပစ္စည်းများအသုံးပြုသည့်အပေါ် ကောက်ခံသည့်အခွန်အကောက် | -ယင်း- | | | | | | | | | |
| | ၁ | မြေယာပေါ် တွင်ကောက်ခံသည့်အခွန် | | ၂၄.၀၇၉ | | | | | | | | |
| | ၂ | သစ်တောများမှ ပစ္စည်းများထုတ်ယူသည့်အတွက် ကောက်ခံသည့်အခွန် | | ၁၈၈.၁၆၁ | | | | | | | | |
| | ၃ | ဓါတ်သတ္တုပစ္စည်းများ ထုတ်လုပ်သည့်အတွက် ကောက်ခံသည့်အခွန် | | ၆.၀၇၀ | | | | | | | | |
| | ၄ | အင်းအိုင်ခွန် | | ၆.၁၃၃ | | | | | | | | |
| ၃ | | စည်ပင်သာယာရေးအဖွဲ့များမှ ကောက်ခံသည့် အခွန် | -ယင်း- | | | | | | | | | |
| | ၁ | ပစ္စည်းခွန် | | ၁၀၂၈.၄၅၅ | | | | | | | | |
| | ၂ | ဘီးခွန် | | ၂၇၉.၉၂၇ | | | | | | | | |
| ၄ | | ပြည်နယ်အဆင့်နိုင်ငံတော်ပိုင်စီးပွားရေး အဖွဲ့အစည်းများမှရငွေ | -ယင်း- | | ၄၈၁.၉၇၄ | | | | | | | |

## ပြည်နယ်ဝန်ကြီးဌာနများ၊ ပြည်နယ်အဆင့်ဦးစီးဌာနများ၊ စည်ပင်သာယာရေးအဖွဲ့များ

ဇယား(၃)။ ။အဆုံး

(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | အကြောင်းအရာ | တာဝန်ခံသူ | ရငွေများ | | | | | | ကြေးမြီ | | |
|---|---|---|---|---|---|---|---|---|---|---|---|
| | | | အခွန်အကောက် | ပြည်နယ်အဆင့် နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများမှ ရငွေ | အခြားသာမန်ရငွေ | အတိုးရငွေ | ငွေလုံးငွေရင်းရငွေ | ပြည်ထောင်စု ထောက်ပံ့ငွေမှ ရငွေ | ထုတ်ချေးငွေ အတွက်ပြန်ရငွေ | ချေးယူရငွေ | အဖွဲ့အစည်းများတွင် ရင်းနှီးငွေမှ ရငွေ |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ |
| ၅ | ပြည်ထဲရေး | ပြည်နယ်ဝန်ကြီးချုပ် သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်က တာဝန်ပေးသူ | | | ၃၄.၀၀၃ | | | ၁၀၀၀.၀၀၀ | | | |
| | ၁ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | | | | ၃၄.၃၃၀ | | | ၁၀၀၀.၀၀၀ | | | |
| | ၂ အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန | | | | ၀.၁၁၅ | | | | | | |
| | ၃ အကျဉ်းဦးစီးဌာန | | | | ၀.၃၅၀ | | | | | | |
| ၆ | လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်း | ၎င်း | | | ၂၀.၀၃၄ | | | | | | |
| | ၁ စိုက်ပျိုးရေးဦးစီးဌာန | | | | ၇.၄၂၀ | | | | | | |
| | ၂ စက်မှုသီးနှံဖွံ့ဖြိုးရေးဦးစီးဌာန | | | | ၁၃.၆၁၄ | | | | | | |
| ၇ | သမဝါယမ | ၎င်း | | | ၀.၈၃၄ | | | | | | |
| | ၁ သမဝါယမဦးစီးဌာန | | | | ၀.၆၃၄ | | | | | | |
| | ၂ အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန | | | | ၀.၃၀၀ | | | | | | |
| ၈ | မွေးမြူရေးနှင့် ရေလုပ်ငန်း | ၎င်း | | | ၁၀.၀၆၅ | | | | | | |
| | ၁ ငါးလုပ်ငန်းဦးစီးဌာန | | | | ၁.၇၁၅ | | | | | | |
| | ၂ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန | | | | ၈.၁၁၀ | | | | | | |
| | ၃ ပျားလုပ်ငန်းဦးစီးဌာန | | | | ၀.၂၄၀ | | | | | | |
| ၉ | ဆောက်လုပ်ရေး | ၎င်း | | | ၆၁၆.၈၂၀ | | | | | | |
| | ၁ မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန | | | | ၁.၄၆၁ | | | | | | |
| | ၂ အဆောက်အအုံနှင့် လမ်းတံတားများ ပြင်ဆင်ထိန်းသိမ်းခြင်း | | | | ၆၁၅.၄၆၇ | | | | | | |
| ၁၀ | ဘဏ္ဍာရေးနှင့် အခွန် | ၎င်း | | | | | | ၄၀၃၅၂.၀၅၉ | | ၂၀၀.၆၃၇ | |
| | ၁ ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန | | | | | | | ၄၀၃၅၂.၀၅၉ | | ၂၀၀.၆၃၇ | |
| ၁၁ | အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု | ၎င်း | | | ၀.၀၂၅ | | | | | | |
| | ၁ စီမံကိန်းရေးဆွဲရေးဦးစီးဌာန | | | | ၀.၀၂၅ | | | | | | |
| ၁၂ | ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာ | ၎င်း | | | ၃၆.၁၄၀ | | | | | | |
| | ၁ သစ်တောဦးစီးဌာန | | | | ၃၆.၁၄၀ | | | | | | |
| ၁၃ | အားကစား | ၎င်း | | | ၀.၀၀၃ | | | | | | |
| | ၁ အားကစားနှင့် ကာယပညာဦးစီးဌာန | | | | ၀.၀၀၃ | | | | | | |
| ၁၄ | စည်ပင်သာယာရေးအဖွဲ့များ | ၎င်း | | | ၈၂၉၈.၇၂၇ | | | | | | |
| | ပေါင်း | | ၁၀၉၄.၁၀၀ | ၄၈၁.၉၃၄ | ၉၀၈၈.၇၀၉ | | | ၄၁၃၅၂.၀၅၉ | | ၂၀၀.၆၃၇ | |

## ပြည်နယ်ဝန်ကြီးဌာနများ၊ ပြည်နယ်အဆင့်ဦးစီးဌာနများ၊ စည်ပင်သာယာရေးအဖွဲ့များ

ဇယား(၄)

(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | | အကြောင်းအရာ | တာဝန်ခံသူ | သုံးငွေများ - သာမန်သုံးငွေ | အတိုးပေးငွေ | ထောက်ပံ့ငွေ | ငွေလုံးငွေရင်းသုံးငွေ | ကြွေးမြီ - ထုတ်ချေးငွေ | ချေးယူရငွေ အတွက်ပေးဆပ်ငွေ | အဖွဲ့အစည်းများတွင် ရင်းနှီးငွေ |
|---|---|---|---|---|---|---|---|---|---|---|
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ |
| ၁ | | ပြည်ထဲရေး | ပြည်နယ်ဝန်ကြီးချုပ် သို့မဟုတ် | ၆၅၀၃.၀၅၉ | | ၁၀၀၅.၀၀၀ | ၁၃၉၄.၇၀၉ | | | |
| | ၁ | အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | ပြည်နယ်ဝန်ကြီးချုပ်က တာဝန်ပေးသူ | ၄၅၈၀.၇၉၅ | | ၁၀၀၅.၀၀၀ | ၈၄၂.၀၀၀ | | | |
| | ၂ | အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန | | ၁၂၉.၃၄၆ | | | ၄၃.၆၄၁ | | | |
| | ၃ | အကျဉ်းဦးစီးဌာန | | ၁၇၉၂.၉၁၈ | | | ၅၀၉.၀၆၈ | | | |
| ၂ | | လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်း | ၎င်း | ၂၁၀၅.၀၀၀ | | | ၁၀၆.၄၂၃ | | | |
| | ၁ | စိုက်ပျိုးရေးဦးစီးဌာန | | ၁၈၇၆.၂၄၀ | | | ၁၀၆.၄၂၃ | | | |
| | ၂ | စက်မှုသီးနှံဖွံ့ဖြိုးရေးဦးစီးဌာန | | ၂၂၀.၈၄၀ | | | | | | |
| ၃ | | သမဝါယမ | ၎င်း | ၅၀၀.၄၂၁ | | | ၂၁.၂၀၈ | | | |
| | ၁ | သမဝါယမဦးစီးဌာန | | ၄၈၇.၁၃၅ | | | ၁၉.၅၀၀ | | | |
| | ၂ | အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန | | ၁၃.၂၈၆ | | | ၁.၇၀၈ | | | |
| ၄ | | မွေးမြူရေးနှင့် ရေလုပ်ငန်း | ၎င်း | ၃၇၁.၈၂၃ | | | ၄၇.၄၆၂ | | | |
| | ၁ | ငါးလုပ်ငန်းဦးစီးဌာန | | ၅၇.၈၉၈ | | | ၃၀.၀၀၀ | | | |
| | ၂ | မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန | | ၂၆၈.၀၄၅ | | | ၁၇.၄၆၂ | | | |
| | ၃ | မွားလုပ်ငန်းဦးစီးဌာန | | ၄၅.၈၈၀ | | | | | | |
| ၅ | | ဆောက်လုပ်ရေး | ၎င်း | ၃၃၃၃၁.၅၁၀ | | | ၁၃၄၈.၀၀၀ | | | |
| | ၁ | မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန | | ၁၃၅.၄၄၂ | | | ၁၃၄၈.၀၀၀ | | | |
| | ၂ | အဆောက်အအုံနှင့် လမ်းတံတားများ ပြင်ဆင်ထိန်းသိမ်းခြင်း | | ၃၃၁၉၆.၀၆၈ | | | | | | |
| ၆ | | ဘဏ္ဍာရေးနှင့် အခွန် | ၎င်း | ၁၆၆.၉၁၁ | | | | | | |
| | ၁ | ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန | | ၁၆၆.၉၁၁ | | | | | | |
| ၇ | | အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု | ၎င်း | ၄၃၉.၉၂၄ | | | ၂၇၁.၂၁၅ | | | |
| | ၁ | စီမံကိန်းရေးဆွဲရေးဦးစီးဌာန | | ၄၃၉.၉၂၄ | | | ၂၇၁.၂၁၅ | | | |
| ၈ | | အလုပ်သမား | ၎င်း | ၁၁.၃၅၆ | | | | | | |
| | ၁ | ဗဟိုပြည်တွင်းကုန်တင်ကုန်ချကော်မတီရုံး | | ၁၁.၃၅၆ | | | | | | |
| ၉ | | ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာ | ၎င်း | ၁၁၉၃.၇၃၈ | | | ၂၄.၄၂၀ | | | |
| | ၁ | သစ်တောဦးစီးဌာန | | ၁၁၉၃.၇၃၈ | | | ၂၄.၄၂၀ | | | |
| ၁၀ | | အားကစား | ၎င်း | ၂၂၀.၀၇၉ | | | | | | |
| | ၁ | အားကစားနှင့် ကာယပညာဦးစီးဌာန | | ၂၂၀.၀၇၉ | | | | | | |
| ၁၁ | | စည်ပင်သာယာရေးအဖွဲ့များ | ၎င်း | ၄၅၇၈.၁၀၃ | | | ၄၇၇၈.၅၁၀ | | | |
| | | ပေါင်း | | ၄၉၄၂၂.၂၀၄ | | ၁၀၀၅.၀၀၀ | ၈၁၄၄.၀၁၅ | | | |

မှတ်ချက်။ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ အသုံးစရိတ်များတွင် ပြည်နယ်လွှတ်တော်နှင့် ပြည်နယ်အစိုးရအဖွဲ့၏ အသုံးစရိတ်များပါဝင်ပါသည်။

ဇယား(၅)

(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | | အကြောင်းအရာ | တာဝန်ခံသူ | ရငွေများ | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | | အခွန်အကောက် | ပြည်နယ်အဆင့်စီးပွားရေး အဖွဲ့အစည်းများမှ ရငွေ | အခြားသာမန်ရငွေ | အတိုးရငွေ | ငွေလုံးငွေရင်း ရငွေ | ပြည်ထောင်စု ထောက်ပံ့ငွေမှ ရငွေ | ကြွေးမြီ: ထုတ်ချေးငွေ အတွက်ပြန်ရငွေ | ကြွေးမြီ: ချေးယူရငွေ | အဖွဲ့အစည်းများတွင် ရင်းနှီးငွေမှ ရငွေ |
| | ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ |
| ၁ | | ပြန်ကြားရေး | ပြည်နယ်ဝန်ကြီးချုပ် သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ် က တာဝန်ပေးသူ | | | ၅၉ . ၄၇၆ | | | | | | |
| | ၁ | မြန်မာ့ရုပ်ရှင်လုပ်ငန်း | | | | ၅၉ . ၄၇၆ | | | | | | |
| ၂ | | သတ္တုတွင်း | ၎င်း | | | ၃ . ၂၄၄ | | | | | | |
| | ၁ | မြန်မာ့ဆားနှင့်အဏ္ဏဝါဓာတုဗေဒပစ္စည်း ထုတ်လုပ်ရေးနှင့်ရောင်းဝယ်ရေးလုပ်ငန်း | | | | ၃ . ၂၄၄ | | | | | | |
| ၃ | | ဆောက်လုပ်ရေး | ၎င်း | | | ၆၁၇၀၄ . ၁၀၉ | | | | | | |
| | ၁ | ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း | | | | ၆၁၇၀၄ . ၁၀၉ | | | | | | |
| | | ပေါင်း | | | | ၆၁၇၆၆ . ၈၂၉ | | | | | | |

## ပြည်နယ်အဆင့်နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ

ဇယား(ဓ)

(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | | အကြောင်းအရာ | တာဝန်ခံသူ | သုံးငွေများ | | | | ကြေးမြီ | | |
|---|---|---|---|---|---|---|---|---|---|---|
| | | | | သာမန်သုံးငွေ | အတိုးပေးငွေ | ထောက်ပံ့ငွေ | ငွေလုံးငွေရင်းသုံးငွေ | ထုတ်ချေးငွေ | ချေးယူရငွေအတွက်ပေးဆပ်ငွေ | အဖွဲ့အစည်းများတွင်ရင်းနှီးငွေ |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ |
| ၁ | | မြန်ကြားရေး | ပြည်နယ်ဝန်ကြီးချုပ် သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ် က တာဝန်ပေးသူ | ၆၉.၂၅၆ | | | | | | |
| | ၁ | မြန်မာ့ရုပ်ရှင်လုပ်ငန်း | | ၆၉.၂၅၆ | | | | | | |
| ၂ | | သတ္တုတွင်း | ၎င်း | ၁၇.၉၉၁ | | | | | | |
| | ၁ | မြန်မာ့ဆားနှင့်အဏ္ဏဝါဓာတုဗေဒပစ္စည်းထုတ်လုပ်ရေးနှင့်ရောင်းဝယ်ရေးလုပ်ငန်း | | ၁၇.၉၉၁ | | | | | | |
| ၃ | | ဆောက်လုပ်ရေး | ၎င်း | ၆၀၈၂.၂၃၄ | | | ၁၃၃၄.၂၃၃ | | | |
| | ၁ | ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း | | ၆၀၈၂.၂၃၄ | | | ၁၃၃၄.၂၃၃ | | | |
| | | ပေါင်း | | ၆၁၆၉.၄၈၁ | | | ၁၃၃၄.၂၃၃ | | | |